**မြန်မာအစိုးရစစ်တပ်အား အပြည်ပြည်ဆိုင်ရာဥပဒေအရ အရေးယူမှုကို ထောက်ခံသည့် ရှမ်းလူမှုအသိုင်းအဝိုင်းများ၏ ထုတ်ပြန်ကြေငြာချက်**

ဒီဇင်ဘာလ ၉ ရက်၊ ၂၀၁၉ ခုနှစ်

တိုင်းပြည်အတွင်း တိုင်းရင်းသားလူမျိုးများအပေါ် ဆယ်စုနှစ်ကြာ ရက်စက်ကြမ်းကြုတ်စွာဖြင့် ပြုကျင့်နေသည့် မြန်မာ စစ်အစိုးရခေါင်းဆောင်များအား နိုင်ငံတကာဆိုင်ရာဥပဒေအရ အရေးယူမည့်အပေါ်ကို ကျွန်တော်တို့ ရှမ်းလူမှုအသိုင်းအဝိုင်းများက လက်မှတ်ရေးထိုးအပြည့်အဝထောက်ခံသည်။

နိုင်ငံတကာဆိုင်ရာတရားမျှတမှုယန္တရားအရ ဆောင်ရွက်သောအမှုများမှာ မြန်မာနိုင်ငံအား လူမျိုးတုံးသတ်ဖြတ်မှု အမှုဖြင့် ICJ တွင်တရားရင်ဆိုင်ရန်၊ ရိုဟင်ဂျာများကို နှင်ထုတ်မှုနှင့် ပတ်သက်၍ ICC ၏ စစ်ဆေးမေးမြန်းမှုများနှင့် တစ်ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့်အောက်တွင် ရိုဟင်ဂျာများအပေါ် ရက်စက်စွာ ကျူးလွန်ခဲ့သောရာဇဝတ်မှုများအတွက် အာဂျင်တီးနားတွင် တရားစွဲဆိုထားသည့်အမှုတို့ ပါဝင်သည်။

ရှမ်းပြည်နယ်ရှိ ပြည်သူများသည် ရိုဟင်ဂျာများကဲ့သို့ အလားတူ စနစ်တကျရက်စက်ကြမ်းကြုတ်သည့်ပုံစံများကို ဆယ်စု နှစ်များစွာခံစားခဲ့ရသည်။ အထူးသဖြင့် မြန်မာအစိုးရစစ်တပ်၏ မြေလှန်မီးရှို့စနစ်ဖြစ်သည့် 1996-1998 ခုနှစ်ကာလအတွင်း ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အလယ်ပိုင်း၌ ကျေးရွာပေါင်း 1,400 မှ လူဦးရေပေါင်း 300,000 ကျော်သည် မိမိတို့နေအိမ်မှ အဓမ္မနှင်ထုတ်ခံရပြီး အများစုမှာ ထိုင်းနိုင်ငံသို့ ထွက်ပြေးခိုလှုံခဲ့ရသည်။ ယနေ့အထိတိုင် နေရပ်မပြန်နိုင်သေးပါ။ ရာနှင့်ချီသောရွာသားများအစုလိုက်အသတ်ခံရသည်။ ဘုန်းကြီးရဟန်းတော်များအပါအဝင်ညှဉ်းပမ်းသတ်ဖြတ်ခံခဲ့ရသည်။

မုဒိမ်းပြုကျင့်မှုကိုလည်း စစ်လက်နက်အဖြစ် အသုံးချခဲ့သည်။ 1996-2001 ခုနှစ်အတွင်း အမျိုးသမီးနှင့် မိန်းကလေးငယ် 625 ယောက်အား ရှမ်းပြည်နယ်အတွင်းဖြစ်ပွားနေသောစစ်ပွဲတွင် မြန်မာစစ်အစိုးရမှ လိင်အကြမ်းဖက်မှုများကို မှတ်တမ်းတင်ထားသည့် “မုဒိမ်းကျင့်ခွင့်လိုင်စင်” ခေါင်းစဉ်ဖြင့် 2002 ခုနှစ်တွင် အစီရင်ခံစာထုတ်ပြန်ခဲ့သည်။ မုဒိမ်းမှုများကို တပ်ရင်း 52 ရင်းမှ စစ်သားများက ကျူးလွန်ခဲ့ကြသည်။ ၈၃ ရာခိုင်နှုန်း အများစုကို အရာရှိများက စစ်သားများရှေ့တွင် ကျူးလွန်ခဲ့ ကြပြီး 61 ရာခိုင်နှုန်းသည် အုပ်စုလိုက်မုဒိမ်းမှုပြုကျင့်ခံခဲ့ရတာဖြစ်သည်။ အချို့ဖြစ်ရပ်မှာ အမျိုးသမီးများသည် 4 လတာကာလအတွင်း အကြိမ်ကြိမ်မုဒိန်းကျင့်ခံခဲ့ရသည်။ မုဒိမ်းမှုများကျူးလွန်စဉ်ရိုက်နက်ခြင်း၊ ကိုယ်လက်အင်္ဂါဖြတ်တောက်ခြင်း နှင့် အသက်ရှူကြပ်အောင် လုပ်ခြင်းညှင်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းတို့ကိုလည်းလုပ်သည်။ မုဒိမ်းမှုပြုကျင့်ခံရသော 25 ရာခိုနှုန်းသည် အသက်ဆုံးရှုံးခဲ့ရကြသည်။ အဖြစ်အပျက်တစ်ခုမှ လွဲ၍ ပြစ်မှုကျူးလွန်သူများ လုံးလုံးလျားလျား အပြစ်ပေးခြင်းမှ လွတ်မြောက်နေခဲ့သည်သာမက မြန်မာစစ်အစိုးရသည် မုဒိမ်းမှုကျူးလွန်သည့်ကိစ္စရပ်အား မဟုတ်မှန်ကြောင်းကို ရွာသူရွာသားများကိုပါ လက်မှတ်ရေးထိုးငြင်းဆိုစေခဲ့သေးသည်။

မကြာသေးမီက ကမ္ဘာ့ကုလသမဂ္ဂ၏ လွတ်လပ်သော သတင်းအချက်အလက်ရှာဖွေစုဆောင်းရေး ဆိုင်ရာ (UN Independent International Fact Finding Mission) အဖွဲ့မှ စုဆောင်းသော အစီအရင်ခံစာတွင် မြန်မာအစိုးရ စစ်တပ်မှရှမ်းပြည်နယ်အတွင်း အမျိုးမျိုး နှိပ်စက်သတ်ဖြတ်သည့်လုပ်ရပ်သည် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်ဟု သိရသည်။ ထိုကဲ့သို့သော လုပ်ရပ်များကို ဆက်လက် အရေးမယူလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတွင် လူမျိုးစုများကို စနစ်တကျနှိပ်စက် သတ်ဖြတ်မှုများ ဆက်လက်ပေါ်ပေါက်နေဦးမည်ဖြစ်သည်။

ယခုအခါ ကမ္ဘာ့က လူ့အခွင့်အရေး ချိုးဖောက်သောမြန်မာ့အစိုးရစစ်တပ်အပေါ်ကို ထင်ရှားအောင်ပြု၍ တရားစွဲဆိုခြင်းကို ကျွန်ုပ်တို့အနေဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုထောက်ခံပါကြောင်း၊ အမှန်တရား ရဟတ်သည် မြန်မာအစိုးရစစ် တပ်ခေါင်းဆောင်များထံပြန်လာမည်ဆိုသည့်အတိုင်း ဖြစ်နေသည်။

ငှင်းလုပ်ရပ်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတွင် နိုင်ငံတကာမှရင်းနှီးမြှုတ်နှံကြသော သူများအား တပ်လှန်လှုပ်နိုးလိုက် ခြင်းဖြစ်သည်။ စီးပွားရေးကိုလမ်းဟောင်း အတိုင်းသာ ဆက်လက် အသုံးပြု လျှောက်လှမ်းနေလျှင် အစိုးရက ကျူးလွန်သော လူမျိုးစုဒေသများတွင် ညှင်းပမ်းသတ်ဖြတ်မှုကို အားပေးအားမြှောက်ပြုရာ ရောက်သည့်အတွက် မသင့်လျှော်ပေ။

ကျွန်ုပ်တို့အနေဖြင့် ကမ္ဘာ့လူ့အဖွဲ့အစည်းအား ဝိုင်းဝန်း၍ မြန်မာပြည် စီးပွားရေးဆိုင်ရာ ပိတ်ဆို့ခြင်း အပါအဝင် ဖိအားပေးရန်တောင်းဆိုသည်။ တိုင်းရင်းသားဒေသများတွင် မြန်မာစစ်တပ်မှထိုးစစ်ဆင်နေခြင်းနှင့် နှိပ်စက်သတ်ဖြတ်မှုများ အားရပ်တန့်စေရန်၊ ပြည်တွင်းစစ်ရပ်စဲရန် အတွက် စစ်မှန်သောနိုင်ငံရေးဆွေးနွေးပွဲကိုစတင်ရန်၊ ကာလကြာရှည်စွာ တောင့်တသော မြန်မာတနိုင်ငံလုံးရှိ လူထုများ အတွက် တရားမျှတမှုနှင့် တန်းတူညီမှု အခွင့်အရေးများရ စေရန်ဖြစ်သည်။

- Shan Human Rights Foundation
- Shan State Refugees Committee (Thai border)
- Kong Moong Murng IDP Camp Committee
- Loi Tai Laeng IDP Camp Committee
- Loi Lam IDP Camp Committee
- Koung Jor Refugee Camp Committee
- Loi Sam Sip IDP Camp Committee
- Loi Kaw Wan IDP Camp Committee
- Shan State Farmers' Network
- Lin Mork Mai
- Shan National Organization (Thailand)
- Toom Toan Tai
- Hom Heng Jai Tai Bangkok
- Overseas Shan Europe
- Shan in Australia
- Shan Refugee Organization (Malaysia)
- YawngHwe Office in Exile


**ဆက်သွယ်ရန်**

စိုင်းလှဲန်း +66 86-188-9827

နန်းချမ်းတောင်း +66 81-603-6655

စိုင်းပော်ရှဲန် +66 94-728-6696